# ကျောင်းတွင် အထောက်အကူပေးသော နည်းပညာ

## ကျောင်းသူကျောင်းသား တစ်ဦးနှင့်တစ်ဦးတွင် သင်ကြားလေ့လာမှုချင်း မတူပါ။ အထောက်အကူပေးသော နည်းပညာဖြင့် ကူညီနိုင်မည်။

အထောက်အကူပေးသော နည်းပညာ အမျိုးမျိုးရှိပြီး ၎င်းတွင်ပါဝင်သောအရာများ။

- **အဆင့်နိမ့်နည်းပညာ။** ခဲတံကိုင်ရန် အစွပ်များ၊ ရေးဖျက်နိုင်သော သင်ပုန်းများ၊ စာရွက်ညှပ်ပြီး စာရေးရန် အောက်ခံအပြားများ၊ မှန်ဘီလူးများနှင့် စာရွက်ချင်းထပ်၍ မြင်နိုင်သော ရောင်စုံစာရွက်များ
- **အလယ်အလတ်နည်းပညာ။** တိတ်ခွေဖြင့် ရိုးရှင်းစွာ အသံဖမ်းရန် စက်ကိရိယာများ၊ အချိန်မှတ်ရန် နာရီများနှင့် အခြားသော အချိန်မှတ်ကိရိယာများ၊ ဂဏန်းတွက်စက်များ၊ ရုပ်ပုံနှင့်စာထိုးပြသည့်စက်များ
- **အဆင့်မြင့်နည်းပညာ။** တက်ဘလက်ကွန်ပျူတာနှင့် အက်ပ်အစီအစဉ်များ၊ ဗီဒီယိုကင်မရာများ၊ ရှုပ်ထွေးခက်ခဲသည့် အသံထွက်စက်များ

ကျောင်းသူကျောင်းသားများ၏ ရည်မှန်းချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် အထောက်အကူပေးသော နည်းပညာကို အသုံးပြုလျှင် အကျိုးရှိ၊ မရှိ IEP တစ်ဦးချင်းအလိုက် အထူးသင်ကြားရေးအစီအစဉ် ဆောင်ရွက်သော အဖွဲ့များအနေနှင့် စဉ်းစားရမည်။ IEP ဝန်ဆောင်မှုပေးသော အဖွဲ့အနေနှင့် အထောက်အကူပေးသော နည်းပညာဖြင့် ရွေးစရာနည်းလမ်းများနှင့် ပြဿနာဖြေရှင်းနည်းများကို အဆိုတင်သွင်းနိုင်သည်။ အထောက်အကူပေးသော နည်းပညာနှင့် ပတ်သက်၍ စဉ်းစားပြီးနောက် IEP အဖွဲ့အနေနှင့် အရည်အချင်းမီသော ကျွမ်းကျင်သူတစ်ဦးမှ အထောက်အကူပေးသော နည်းပညာကို စစ်ဆေးသုံးသပ်ရန်အတွက် စီစဉ်သင့်သည်။ အထောက်အကူပေးသော နည်းပညာဆိုင်ရာ ကိရိယာများနှင့် ဝန်ဆောင်မှုများ ရရှိသင့်သော ကျောင်းသူကျောင်းသားအတွက် ကုန်ကျစရိတ်များကို ကျောင်းမှ ထောက်ပံ့ပေးရမည်၊ မိသားစုများကို **မပေးခိုင်းရပါ**။

***သင့်ကျောင်းသူကျောင်းသား၏ IEP အစီအစဉ်တွင် အထောက်အကူပေးသော နည်းပညာအပါအဝင် မေးခွန်းများရှိပါက၊ သို့မဟုတ် အထောက်အကူပေးသော နည်းပညာကို စစ်ဆေးသုံးသပ်ရန်အတွက် တောင်းဆိုရာတွင် အကူအညီလိုပါက၊ Disability Rights Iowa အဖွဲ့ကို info@driowa.org မှတစ်ဆင့် သို့မဟုတ် 515-278-2502 သို့ ဖုန်းဆက်ခြင်းဖြင့် ဆက်သွယ်ပါ။***

